# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၆–၈–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **မော်တော်ယာဉ် ပြုပြင်သည့် လုပ်ငန်း Auto Service Industry တိုးတက်စေရန် လက်မှတ်ရ ကျွမ်းကျင်စက်ပြင်ဆရာ၊ သတ်မှတ်မြေနေရာနှင့် လုံလောက်သော သတ်မှတ်ပစ္စည်းကိရိယာများ ရှိမှသာ ကားဝပ်ရှော့၊ ဆိုင်ကယ် ဝပ်ရှော့များ ဖွင့်လှစ်ပေးသည့် စနစ်မျိုး ဖန်တီးပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **ရွှေကျင်–ထူးကြီး လမ်းအရှည်၏ အလယ်တွင်ရှိသော မြန်အောင်မြို့နယ် တောင်ဘက်ဒေသ အရှေ့ အနောက်ထွက်ပေါက် အဓိက တံတားဖြစ်သည့် အုန်းနဲ့ကုန်းတံတားအား တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာနှင့် အမ်းမြို့နယ်၊ ရှူးကျေးရွာကို ဆက်သွယ်ပေးမည့် ရှူး–ရေခေါင်းချိန် ကျေးရွာချင်းဆက်မြေသားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တံတားများအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နှင့် မကွီးအိမ်နူးမြို့ကို ဆက်သွယ်ထားသော လမ်းပေါ်ရှိ အုံရွာနှင့် ကင်းလိုရွာကြား မုန်းချောင်း ကိုဖြတ်၍ ကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့သို့ ဆက်သွယ်သွားလာရေးအတွက် ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက်ရှိ ကျေးရွာများသည် ရာသီမရွေးသွားလာနိုင်သည့်လမ်း မရှိသောကြောင့် ကုန်ထုတ်ဆက်သွယ်ရေးလမ်းတစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **ရွာသာအေး၊ လိပ်ခြံရွာချင်းဆက် ရှစ်ချောင်းရေကျော်အား ကွန်ကရစ်ရေမြောင်းအဖြစ် ဆောက်လုပ် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ ”** နှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်က တင်သွင်းသည့် **“ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းတွင် BOT (Build, Operate, Transfer) စာချုပ်များဖြင့် ဆောင်ရွက်လျက်ရှိကြသော လမ်းမကြီးများသည် နိုင်ငံတော်နှင့် ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြခြင်း ရှိ၊ မရှိ စိစစ်၍ တာဝန်ကျေ၊ တာဝန်ခံမှု မရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာလာစေရေး စီမံခန့်ခွဲ ထိန်းချုပ်ခြင်းဖြင့် နိုင်ငံတော်–ပုဂ္ဂလိက ပူးပေါင်းသည့် PPP (Private-Public Partnership) ပြည်သူ့ဝန်ဆောင်မှုစနစ်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(ခ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(င) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၊

(စ) ဒေါက်တာဦးဇော်ဝင်းမြင့်၊ စဥ့်ကူး မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဈ) ဗိုလ်မှူးရဲစိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဗိုလ်မှူးဆွေမြင့်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဌ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဍ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ဎ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဏ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(တ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(ထ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။